# မြန်မာ့ရိုးရာ သင်္ချာကိန်းဂဏန်းများ

ရေးသူ၊ လောကပါလနတ်မင်း

“ခု ဆယ် ရာ ထောင် သောင်း သိန်း သန်း ကုဋေ ၊ လူ့ပြည်မှာ မောင်သောင်းဘိန်းစားလို့ သေ” ဟူသောစာချိုးကလေးကိုသတိရလာမိပါသည်။ ငယ်စဉ်က မြန်မာ့ရိုးရာသင်္ချာကိန်းများကို ထိုနည်းဖြင့်မှတ်သားခဲ့ကြရပါ၏။မြန်မာ့ရိုးရာတွင်မည်သူကမျှ သိန်းတရာ၊သိန်းတထောင် စသည်ဖြင့်ဆိုလေ့မရှိကြပါ။သိန်းတရာသည်တကုဋေဖြစ်၍ သိန်းတစ်ထောင်သည် ဆယ်ကုဋေဖြစ်ပါသည်။ ကုဋေထက်ကြီးသော သင်္ချေ စသော ကိန်းများလည်းရှိပါသေးသည်။တသင်္ချေသည် တစ်၏ နောက်မှာသုညပေါင်း၁၄၀ ရှိသောကိန်း၊ တနည်းအားဖြင့် ခေတ်သစ်သင်္ချာနည်းအရ ၁၀ ကို ၁၄၀ ထပ်ဆင့် (ten to the power one hundred and forty) ဖြစ်ပါသည်။ ဘုရားဆုပန်ပြီးသည့်ဘုရားလောင်းသည်လေးသင်္ချေနှင့်ကမ္ဘာတသိန်းအနည်းဆုံးကျင့်ရသည်ဟု ဆိုရိုးစကားရှိပါသည်။

အနောက်တိုင်းသားများက ”သန်း” ဂဏန်း(million) ကိုစံပြုသော်လည်း million ထက်များစွာကြီးသောBillion,Trillion စသောကိန်းများလည်းရှိပါသည်။ မြန်မာ့ရိုးရာက ကုဋေကိုသုံးပါသည်။၁၀ သန်းဟုမသုံး၊တကုဋေသာသုံးရိုးဖြစ်ပါသည်။မြန်မာများသည်သန်းကိုကြိုက်ဟန်မရှိပါ။

”ရေးသရောအခါ၊ပြည်ဇာရာဝယ်၊ကုဋေကြွယ်သား၊သူဌေးအားလျှင်၊သားတယောက်ဖြစ်၊ ချစ်၍တစေ၊အိမ်မှာနေခဲ့”ဟုဆားတုံဆရာတော်က လင်္ကာဖွဲ့ခဲ့ပြီး၊ ကျောင်းသုံးမြန်မာဖတ်စာများတွင်လည်း ထိုကဗျာကို စာမတတ်သူတို့ အတွက်သင်္ခန်းစာအဖြစ်သင်ကြားပေးလေ့ ရှိပါသည်။

မကြာသေးသောလွန်ခဲ့သည့်အနှစ် ၂၀ ကျော် မဆလ ခေတ်အတွင်းမှာပင် ”ကုဋေရှစ်ဆယ်သူဌေးသား”ဟူသောရုပ်ရှင်ကားပေါ်ထွက်လာခဲ့သေးသဖြင့်”မဆလခေတ်”တွင်သိန်းဂဏန်းခေတ်မစားသေးဘဲ ကုဋေကိုသုံးနေဆဲဖြစ်ကြောင်းပြနေပါသည်။

ယခုခေတ်တွင်တော့ လူတိုင်းပါးစပ်ဖျား၌ ရှုပ်ထွေးလှသော သိန်းပေါင်း ၂သိန်း(ကုဋေ ၂ထောင်နှင့်ညီမျှသည်)စသောအသုံးများကိုသာသုံးနေကြသည်ကိုတွေ့ရပါသည်။အဘယ်ကြောင့်ပါနည်း။

တိုက်တိုက်ဆိုင်ဆိုင်ကုန်းဘောင်ခေတ်က တန်ခိုးထွားခဲ့သောဖလ်နန်းရှင်ဘွဲ့ခံစစ်ကိုင်းမင်း(နောင်တွင်၄င်း၏တူတော်များဖြစ်သော ပုဂံမင်းနှင့်မင်းတုန်းမင်းတို့၏ဘကြီးတော်ဘုရားလက်ထက်တော်တုန်းကစသော အသုံးများကြောင့် နောင်းခေတ်ရာဇဝင်ဆရာတို့က ”ဘကြီးတော်”ဟုသမုတ်ခဲ့သူ) ၏အဂ္ဂမဟေသီ နန်းမတော်မယ်နုအကြောင်းကိုသတိရမိလာပါသည်။ မယ်နုမှာ သန်မန်ကျေးတောသူဘဝမှမိဖုယားခေါင်ကြီးဖြစ်လာရာတွင်ဘဝင်အကြီးအကျယ်မြင့်သွားပြီး”နု”ဟူသောစကားသုံးခွင့်ကိုပိတ်ထား၍ ”ဘူးသီးနုနု”အစား”ဘူးသီးထွတ်ထွတ်”ဟုသုံးခဲ့ရသည်ဟူသတတ်။

တခါတွင်နန်းတွင်းရုပ်စုံစင်တော်ကြီးကပြဖျော်ဖြေရာတွင်ရုပ်သေးဆရာက သွယ်ဝိုက်သောနည်းဖြင့်

စစ်ကိုင်းမင်းကိုအောက်ပါအတိုင်းအသိပေးလိုက်ပါတော့သည်။

လက်စွဲ ၁။ ။ဟော့မင်းပါဋ္ဌိစကားတတ်သလား။
လက်စွဲ ၂။ ။တတ်ပ့ါဖျာ၊စမ်းချင်သလိုစမ်း။
လက်စွဲ ၁။ ။အဲဒါဆိုဘုရားကိုပါဋ္ဌိလိုဘယ်လိုခေါ်လဲ။
လက်စွဲ ၂။ ။မုနိပေ့ါကွ။မုနိလည်းဘုရားမိနလည်းဘုရားပါဘဲ။ တန်းခိုးထွားနေပုံကရဟန်းတော်များတောင် "ယောဘဂဝါတေဇာဘသခ်ါမိ"လို့ မဆိုရတော့ဘဲ"ယောဘဂဝါတေထွတ်ဘသခ်ါမိ"လို့ဆို ရမည့်ကိန်းဖြစ်နေပါပြီ။

ထိုအခါတွင်မှ"ရွှေနန်းရှင်ဘုရား" ရိပ်မိသွားပြီး အမိန့် တော်ဖြင့်ပြင်ခိုင်းရသောဟူ၏။

ဤခေတ်ချိန်ခါပြည်မြန်မာ၌ မင်းတြားကြီးမှာ"သန်း"ဖြစ်နေပြီးအမတ်ချုပ်ကြီးမှာ"သိန်း"ဖြစ်နေသောကြောင့်"သိန်း"ကျော်ပြီး "သန်း"မရောက်စေရဟုအမိန့် တော်မြတ်များထုတ်ပြန်၍ ထားလေသလောဟုစဉ်းစားစရာဖြစ်နေပါပြီ။

မှန်ကင်းတလှည့်၊ထင်းတလှည့်၊ဆိုသောမြန်မာစကားပုံရှိပါသည်။ တန်ခိုးကြီးလှသောနန်းမတော်မယ်နုမှာ အင်္ဂလိပ်မြန်မာ ပထမစစ်ပွဲစစ်ရှုံးပြီးချိန်မှစ၍တန်ခိုးမှိန်လာခဲ့ရာ၊ နောက်ဆုံးဘုရင့်ညီတော်အိမ်ရှေ့ မင်းသားနန်းလုပြီး သာယာဝတီမင်းအဖြစ်နန်းတက်ချိန်တွင်၊ နောင်တော်စစ်ကိုင်းမင်းကိုအစ်ကိုကြီးအဘအရာအဖြစ်ပူဇော်ထားပါသော်လည်း၊မယ်နု၊၄င်း၏မောင်မင်းသားကြီးဦးအို၊မယ်နု၏သားစကြာမင်းသားလေးတို့ ကိုမူကွပ်မျက်လေတော့၏။

မယ်နုခမြာ အသတ်ခံရခါနီးဆဲဆဲတွင်ခွင့်ပန်၍ ဆရာတော်ဦးဗုဒ်ကိုဖူးမြော်ဝတ်ပြုပြီး"ဆရာတော်ဘုရား၊သာယာဝတီစားတန်ခိုးထွားလာပါ၍တပည့်တော်တော်မမှာ ကွပ်မျက်ခံရပါတော့မည်ဘုရား"ဟုလျှောက်တင်ရာတွင်ဆရာတော်က"မိနဝဋ္ဋ်ရှိကခံရပေတော့သည်"ဟုသာမိန့် တော်မူလိုက်သည်။

သာယာဝတီမင်းသားနှင့်နန်းမတော်မယ်နုတို့ နန်းတွင်းတန်းခိုးပြိုင်နေကြပုံကိုနောင်းခေတ် ရုပ်သေးဆရာတို့ က ရုပ်သေးဖြင့်တင်ပြလေ့ရှိပါသည်။ကျွန်ုပ်တို့ ငယ်စဉ်က ကြည့်ခဲ့ရဖူးသောရုပ်သေးတွင်သာယာဝတီမင်းသား ရုပ်ကလေးက "နေညိုညို၊ကိုကို့ ကိုဖမ်းတဲ့စုန်းရယ်၊ နေဝင်ခါမှ၊ငါ့မရီး"ရှာသူ"ကြီးကိုရှာချရမယ်" ဟူ၍၄င်း၊အင်္ဂလိပ်မြန်မာပထမစစ်ပွဲဖြစ်၍ သာယာဝတီမင်းသားလှေတပ်ဖြင့်ရန်ကုန်သို့ ချီခါနီး အင်းဝဘုရင်နှင့်မိဖုရားဗိုလ်ရှုခံနေစဉ် လှေတော်သားများက "စုန်းမကြီးလင်"ပန်းတောင်း"ကိုတောင်ညာတင်မှ၊မြတ်ညီခင်ဒဂုန်ကျေးကပြန်ခဲ့မယ်လေး"ဟူ၍၄င်း သီဆိုသည်ကိုကြားခဲ့ရ မှတ်ခဲ့ရဖူးပါသည်။ သမိုင်းအထောက်အထားအတိအကျမရှိ၍၊၄င်းသီချင်းများကေန်ကေရှိခဲ့ကြောင်းမဆိုရဲပါ။မယ်နုကိုကြည့်မရသူများက၄င်းနိမ့်ကျသွားစဉ်တွင်ထွင်ခဲ့ကြဟန်ရှိပါသည်။

သမိုင်းတွင်အတိအကျပါသည်ကတော့ အိမ်ရှေ့ စံသာယာဝတီမင်းသားသည် မရီးတော်မယ်နု၊

မင်းသားကြီးမောင်အိုး၊စစ်သူကြီးမဟာဗန္ဓုလတို့ နှင့်"တစောင်းချေးနှင့်မျက်ချေး"ပမာ တဂိုဏ်းစီ ဖြစ်သည်။မယ်နုတို့ ဂိုဏ်းက စစ်ဖြစ်လိုသည်။ သာယာဝတီမင်းသားက အင်္ဂလိပ်တို့ နှင့်စစ်မဖြစ်လို။ စစ်ရှုံးပြီးနောက် ၄င်းအာဏာရလာချိန်တွင်ရန်သူများကို "ကျုပင်ခုတ်ကျုငုတ်မကျန်"ရှင်းလိုက် သည်ဟုသာ ပါ ပါသည်။

မည်သို့ ပင်ဖြစ်စေကာမူ "တက်ကြွားကြွကြွမြင့်လွန်းကလည်း လျှောကျနောက်ဆုံးရှိချေ၏"ဆိုသော သံဝေဂ လင်္ကာအတိုင်းသာ ဖြစ်ပေတော့သည်။

လက်ရှိလူများသုံးနေကြသော "သိန်း" ဂဏန်း နှင့်ပတ်သက်၍ကား"ရှေ့ရိုးစဉ်လာ ကုဋေကဋာကို ချောင်ထိုးပြီး၊ဘေးဘိုးဘီဘင်အစဉ်အလာမရှိတဲ့၊ခွေးသူခိုးသင်္ချာသိန်းဂဏန်းကိုဘဲ၊ အဟုတ်အဟပ်ထင်ကာသုံးနေကြရတာကတော့၊ဆုတ်ကပ်ကြောင့်ပင် ယုတ်ညံ့သွားကြလေ သလား၊ မလှုပ်ရဲအောင် လုပ်ထားတာကြောင့်၊သင်္ချာဉာဏ်မထုတ် ရဲအောင်ဖြစ်သွားကြလေပြီလား" ဆိုသည်ကိုတော့စာရှုသူတို့ စဉ်းစားကြပါကုန်။